# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 31, 2019 | Volume 15, Number 21


**၃၁.၁.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၂၀ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၆၂၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၆/ကျပ် |
| CBM Rate | = ၁၅၁၈/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၄၄.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၆.၈ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၉၁.၂ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၃.၇ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၁၀၁.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၆.၅၁ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၃၁၀ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၄၁ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၀.၉၂ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၅၆၀ကျပ် |

## အစိုးရချင်းသဘောတူညီချက်ဖြင့် ပဲရောင်းရန် စာချုပ်မူကြမ်းကို တစ်လကျော်အထိ အိန္ဒိယကအကြောင်းမပြန်သေး

အစိုးရချင်းသဘောတူညီချက်ဖြင့်ပဲရောင်းချရန် အိန္ဒိယနိုင်ငံသို့စာချုပ်ပေးပို့ထားမှု တစ်လကျော်ကြာသည် အထိအကြောင်းပြန်ကြားမှုမရှိသေးကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။

အဆိုပါအစီအစဉ်သည် မြန်မာနိုင်ငံမှပဲကုန်သည်များသာမက ပဲစိုက်ပျိုးသည့် လယ်သမားများအတွက်လည်း အာမခံချက်ရရှိနိုင်မည်ဖြစ်သော်လည်း မြန်မာနိုင်ငံမှ ပေးပို့ထားသည့် စာချုပ်မူကြမ်းကို အိန္ဒိယအစိုးရက ပြန်လည်ပေးပို့ခြင်း မရှိသေးသဖြင့် စောင့်ဆိုင်းနေသည့်အခြေအနေတွင်သာရှိနေသည်ဟု ၎င်းက ပြောသည်။ သူတို့ဘက်က အကြောင်းပြန်မှဆက်ညှိရမှာဖြစ်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည် အသင်းအတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။

လက်ရှိပြည်တွင်းဈေးကွက်တွင် မတ်ပဲနှင့်ပဲစင်းငုံသည် အိန္ဒိယနိုင်ငံမှ အဝယ်လျော့ချခြင်းကြောင့် ပြည်တွင်းဈေးကွက်၌ အကျဈေးဖြင့်တည်ငြိမ်နေသည်။ ဇန်နဂါရီလဆန်းက မတ်ပဲတစ်တန် ကျပ်ရှစ်သိန်းကျော်ရှိခဲ့သော်လည်း လက်ရှိတွင် ကျပ်ခုနစ်သိန်းကျော်သာဈေးရှိသည်။

သို့သော် ဇန်နဂါရီလဆန်းက တစ်တန်လျှင် ကျပ်ခုနစ်သိန်းခွဲအောက်တွင်ရှိသော ပဲစင်းငုံက တစ်တန်လျှင် ကျပ်ခုနစ်သိန်းရှစ်သောင်းကျော်သို့ ပြန်လည်မြင့်တက်လာကြောင်း ဘုရင့်နောင်ပဲကုန်စည်ဒိုင်ရှိ ကုန်သည်တစ်ဦးကပြောသည်။

**Source:** https://www.foodindustrydirectory.com.mm /food-industry/ food-livestock/item/1566-beans-to-sell.html


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## တရုတ်နှစ်သစ်ကူးပွဲတော်ကြောင့် နယ်စပ်ကုန်သွယ်ရေးရုံးကို ရှစ်ရက်ကြာ ပိတ်ထားမည်

တရုတ်နှစ်သစ်ကူးပွဲတော်ကြောင့် နယ်စပ်ကုန်သွယ်ရေးဦးစီးရေးဌာနရုံးကို ရှစ်ရက်ကြာပိတ်ထားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။ တရုတ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးဦးစီးရေးဌာန (ထိန်ချုံးမောက်ရှင် သွင်းကုန်ပို့ကုန် ကုန်သွယ်ရေးကုမ္ပဏီလီမိတက်)သည် ဇန်နဝါရီ ၂၈ ရက် ရက်စွဲဖြင့် ၂၀၁၉ခုနှစ် ဖေ ၃ ရက်မှစတင်ပြီး ဖေဖော်ဝါရီ ၁၀ ရက်အထိ တရုတ်နှစ်သစ်ကူးပွဲတော်ကြောင့် နယ်စပ်ကုန်သွယ် ရေးဦးစီးဌာနရုံး ပိတ်မည်ဖြစ်ပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်မှသာ ရုံးပြန်ဖွင့်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ယင်းနှင့်ပတ်သက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မှုဆယ်

နယ်စပ်ကုန်သွယ်ရေးစခန်းအား ဆက်သွယ်မေးမြန်းရာ မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှညွှန်ကြားရေးမှူး ဦးတင်ရဲဝင်းက တရုတ်အစိုးရက သူ့နိုင်ငံသူ့ပေါ်လစီအတိုင်းလုပ်ဆောင်တာဖြစ်ပါတယ်။ ကျွန်တော်တို့ကလည်း ကျွန် တော်တို့နိုင်ငံအစိုးရရဲ့ ပေါ်လစီအတိုင်းဆောင်ရွက်မှာဖြစ်ကြောင်း ဇန်နဝါရီ၂၉ရက်က ဒီမိုကရေစီတူဒေးသို့ ပြန်လည်ဖြေကြားသည်။ ယင်းတရုတ်နှစ်သစ်ကူးပွဲတော်ကာလအတွင်း နှစ်နိုင်ငံဝင်ထွက်မှုမှာလည်း လျော့နည်းကျဆင်းလာနိုင်ပြီး ဂိုဒေါင်တွင်လှောင်မည့်ကုန်ပစ္စည်းများ၊ ဒေသသုံးစားသောက်ကုန်များသာ တင်ပို့တင်သွင်းမှုများပြုလုပ်လာမည်ဖြစ်ကြောင်း သိရသည်။

အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း(မူဆယ်)မှဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်က "ပုံမှန်နှစ်တိုင်း ဒီလိုအချိန်မှာ တစ်ပတ်လောက်တော့ တရုတ်ဘက်ကပိတ်တယ်။ တရုတ်နိုင်ငံအများစုက ကိုယ့်မြို့ကိုယ့်ရွာကို ပြန်ကြတယ်။ ဒီလိုအချိန်မှာ လုပ်ငန်းတွေအေးစက်ပြီး နှစ်နိုင်ငံအဝင်အထွက်လည်းနည်းပါတယ်။ တရုတ်ဘက်က သူ့နိုင်ငံကိုပိတ်တယ်ဆိုပေမယ့် မြန်မာဘက်ကတော့မပိတ်ပါဘူး။ မြန်မာဘက်က ရိုးရာသင်္ကြန်ရက်တောင်မပိတ်ဘူး။ တစ်နှစ်ပတ်လုံး ပိတ်ရက်မရှိဘူး။ တောက်လျှောက်ဖွင့်ထားကြောင်းပြောသည်။

လာမည့်ဖေဖော်ဝါရီ ၅ ရက်တွင် ကျရောက်မည့် တရုတ်နှစ်သစ်ကူးနေ့ တရုတ်ရိုးရာနှစ်သစ်ကူးပွဲတော်ကြောင့် တရုတ်ကုန်သည်များမှာ ရက်သတ္တနှစ်ပတ်ခန့် ကုန်သွယ်မှုများရပ်နားလေ့ရှိပြီး ကုန်စည်ပို့ဆောင်မှုလျော့နည်းလာကာ မူဆယ်အဝေးပြေး ကုန်စည်ပို့ဆောင်ခနူန်းထားများလည်း ကျဆင်းလာနိုင်ကြောင်းသိရသည်။

**Source:** https://www.yangonmedia.com/economy/item/11486-

## ပြည်ပဝယ်လိုအားများလာသဖြင့် မိုးစပါး ၂၅ မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၅၀၀ ခန့်ဈေးပြန်တက်

ပြည်ပ တင်ပို့ရန် ဆန်ဝယ်လိုအားများလာ သည့်အတွက် ဈေးကွက်အတွင်းလက် ကျန်နည်းနေပြီဖြစ်သည့် မိုးစပါး၂၅ မတ်ဆန်တစ်အိတ်လျှင် ကျပ်၅၀၀ ခန့်ဈေးပြန်တက်လာကြောင်း ဆန် စပါးကုန်စည်ဒိုင်(ဘုရင့်နောင်)မှ သိ ၇ှိရသည်။

ဇန်နဝါရီ၁၆၊ ၁၇၊ ၁၈ရက်တို့၌ ဆန်အဝင်နည်းနေသော်လည်း ဝယ်လိုအားနည်းပါးခြင်းကြောင့် ၂၅မတ် ဆန်တစ်အိတ်လျှင် ကျပ်၁၈၇၀၀၊ ၁၈၈၀၀ ပတ်ချာလည်တွင်သာရှိခဲ့ပြီး ဇန်နဝါရီလကုန်ပိုင်းမှစ၍ ၂၅မတ် တစ်အိတ်လျှင် ကျပ်၁၉၂၀၀၊ ၁၉၃၀၀ ပတ်ချာလည်သို့ ဈေးပြန်ရောက်ရှိလာခြင်းဖြစ်ကြောင်း ဆန်စပါးကုန်စည်ဒိုင်(ဘုရင့်နောင်)မှ ကော်မတီဝင် ဦးဇော်မိုးအောင်က ဇန်နဝါရီ၂၉ ရက်တွင် ဒီမိုကရေစီတူဒေးသို့ပြောသည်။

ဇန်နဝါရီ တတိယပတ်လောက်တုန်းက အိတ်စ်ပို့တာတွေက ဘဏ်ကိစ္စတွေဆောင်ရွက်နေကြတဲ့အချိန်မှာ တကယ်သင်္ဘောမတင်ကြသေးတော့ဈေးကမမာဘူး။ ခုရက်ပိုင်း တကယ်သင်္ဘောတင်မယ့်ရက်၊ အဝယ်လိုက်လာချိန်မှာ အောက်ခြေမှာက မိုးစပါးကလက်ကျန်ကနည်းနေတော့ ဈေးကနည်းနည်းပြန်မာတာပေ့ါ။ တစ်အိတ် ကျပ် ၅၀၀ လောက်တက်ကြောင်း၎င်းကပြောသည်။

ပြည်ပသို့ ဆန်တင်ပို့ရာတွင် ကမ္ဘာ့ဆန်ပေါက်ဈေးနှင့် အမေရိကန်ဒေါ်လာပေါက်ဈေးကိုမြောက်ကာ ဆန်တင်ပို့ နေကြခြင်းဖြစ်ပြီး လက်ရှိတွင် တရုတ်နှစ်သစ်ကူးပွဲတော်ကာလဖြစ်သည့်အတွက် တရုတ်နိုင်ငံဘက်မှ ဝယ်လိုအားမှာအနည်းငယ်သာရှိကြောင်း ဆန်ဈေးကွက်မှသိ ရသည်။

ပင်လယ်ရေကြောင်းမှတစ်ဆင့် ပြည်ပသို့ကုန်တင်ပို့သည့် ကုန်သည်(Exporter)များ ဘက်မှလည်း အဝယ်နည်းပြီး နယ်စပ်လမ်းကြောင်းမှတစ်ဆင့် ဝယ်ယူမှုမှာလည်း အနည်းငယ်သာရှိသည့်အတွက် တရုတ်နိုင်ငံသို့တရားဝင် ဆန်တင်ပို့ခွင့်ရရှိအောင် နှစ်နိုင်ငံအစိုးရအချင်းချင်း ညှိနှိုင်းမှုများဆောင်ရွက်သင့်ကြောင်း ဆန်ကုန်သည် ဦးအေးလွင်ကပြောသည်။

တရုတ်ဘက်က ဝယ်လိုအားက နှစ်သစ်ကူးပွဲတော်ပြီးတဲ့ကာလ ဖေဖော်ဝါရီပထမပတ်လောက်ဆိုရင် ပြန်ရှိလာမယ်လို့မှန်းထားတယ်။ ဒီရက်ပိုင်းမှာ ပင်လယ်ရေကြောင်းကလည်း အရောင်းအဝယ်နည်းနည်းရှိ လာတော့ ဆန်ဈေးနည်းနည်းမာကြောင်း ၎င်းကပြောသည်။

**Source:**https://www.facebook.com/democracytodaynewspaper/?hc_ref=ARRnsJeuMtrUzZ-dnW5SxWlQxwzLWQ_jvoM1NLsKKcfJ3LPxXkXXRNLbVR5GthxKBhk

## တရုတ်နဲ့ဂျပန်ငွေကြေး ကုန်သွယ်ငွေပေးချေရန်ခွင့်ပြု



မြန်မာနိုင်ငံဗဟိုဘဏ်က ဂျပန်ယမ်းငွေနဲ့ တရုတ်ယွမ်ငွေတို့ကို နိုင်ငံတကာငွေပေးချေမှုနဲ့ စာရင်းရှင်းလင်းမှုတွေ ဆောင်ရွက်ခွင့်ပြုလိုက်တာဟာ အမေရိကန်ဒေါ်လာကို တဆင့်ခံအဖြစ် အသုံးပြုနေရတာမျိုး မဟုတ်တော့တဲ့အတွက် မြန်မာစီးပွားရေး လုပ်ငန်းရှင်တွေအတွက် အကျိုးပိုဖြစ်ထွန်းစေတယ်လို့ စီးပွားရေး လုပ်ငန်းရှင်တွေကပြောပါတယ်။ တဘက်ကလည်း နယ်စပ် ကုန်သွယ်ရေးမှာ တရားမဝင်တဲ့နည်းနဲ့ အရောင်းအဝယ်လုပ်နေ တာတွေကို ထိန်းချုပ်ရာ ရောက်စေကြောင်း လုပ်ငန်းရှင်တွေက ပြောပါတယ်။ မြန်မာနိုင်ငံရဲ့ အကြီးဆုံးနယ်စပ်ကုန်သွယ်ဘက်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံက ယွမ်ငွေနဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေအပါအဝင် ဖွံ့ဖြိုးမှုစီမံကိန်းတွေ အများအပြားလာရောက် လုပ်ကိုင်နေတဲ့ ဂျပန်နိုင်ငံက ယန်းငွေတို့ကို မြန်မာနိုင်ငံဗဟိုဘဏ်က နိုင်ငံတကာငွေပေးချေမှုနဲ့ စာရင်းရှင်းလင်းမှုတွေ ဆောင်ရွက်ခွင့်ပြုလိုက်ကြောင်း ဒီကနေ့ ဇန်နဝါရီလ ၃၀ ရက်နေ့ ရက်စွဲနဲ့ ကြေညာလိုက်တာပါ။

တရုတ်၊ ဂျပန်တို့နဲ့ ကုန်သွယ်တဲ့နေရာမှာ အမေရိကန်ဒေါ်လာကို တဆင့်ခံအဖြစ် သုံးစွဲနေရတဲ့အဆင့်ကို ကျော်လွန်ပြီး ပိုမို လွယ်ကူလျှင်မြန်စေရေးအတွက်ရည်ရွယ်ပြီး ဗဟိုဘဏ်က အခုလိုကြေညာချက်ထုတ်ပြန်တာဖြစ်ကြောင်း UMFCCI မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ဒုဥက္ကဋ္ဌ ဦးမောင်မောင်လေးကသုံးသပ်ပါတယ်။

"တရုတ်နဲ့ Trading တို့ ဂျပန်နဲ့ ကုန်ရောင်းကုန်သွယ်လုပ်တဲ့နေရာတွေမှာ လွယ်ကူလျှင်မြန်သွားမယ်လို့ ကျနော်တို့ ယုံကြည်ပါတယ်။ ဒီကြားမှာ တရုတ်နဲ့ လုပ်တဲ့ဟာမှာ ခိုင်မာတဲ့ငွေတွေနဲ့ လုပ်တဲ့အခါကျတော့ တဆင့်ပြန်သွားနေတာတွေ ။ ဒါတွေက မသွားပဲနဲ့ ဆက်တိုက်အရောင်းအဝယ်လုပ်နိုင်အောင်လို့ ဖန်တီးပေးတယ်လို့မြင်ကြောင်း၊ ဂျပန်ယမ်းလည်း alternative currency တခုဆိုတဲ့အခါကျတော့ ဒီအမေရိကန်ဒေါ်လာကို dependency မှာ နည်းနည်းလေးလျော့ပြီးတော့ တခြားငွေရေးကြေးရေးသုံးစွဲတဲ့နေရာမှာ လျှင်မြန်လွတ်လပ်စွာ သုံးစွဲနိုင်အောင်လို့လုပ်တယ်လို့မြင်ကြောင်းပြောပါတယ်။

မြန်မာနိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေဖို့ ရည်ရွယ်ပြီး ဗဟိုဘဏ်က အခုလိုဆုံးဖြတ်ချက်ချတာဖြစ်နိုင်ကြောင်းလည်း ဦးမောင်မောင်လေး ဆက်ပြောပါတယ်။

မြန်မာနိုင်ငံအတွက် ပိုပြီးဖြစ်ထွန်းလာမယ်လို့ ပုံပေါ်ပါတယ်။ မြန်မာအတွက်ကို ပိုပြီး Protect လုပ်ပေးတဲ့သဘော ပါ။ ဒီမှာ လုပ်ခွင့်ကိုင်ခွင့်ပေးလိုက်တဲ့အတွက် တဖက်နိုင်ငံရဲ့ manipulation ပေါ့နော် ဒါတွေကိုလည်း မခံရအောင်ရယ် ၊ နောက်ပြီး ရွှေဈေးတို့ဘာတို့မှာ တဆင့် US dollar တို့လုပ်ပြီးတော့ တခြား တနိုင်ငံ တတိယ နိုင်ငံတခုကနေ ပို့ရတာတွေဘာတွေ နည်းနည်းကင်းရှင်းသွားအောင် နည်းနည်းလည်းသက်သာသွားနိုင်ပါတယ်။ အခုလို ဆုံးဖြတ်ချက်ချနိုင်ဖို့အတွက် အစိုးရတာဝန်ရှိသူတွေဘက်က ကာလအတော်ကြာ ကြိုးစားဆောင်ရွက်ခဲ့တာဖြစ်ကြောင်း ဒီအစည်းဝေးတွေကို ကိုယ်တိုင် တက်ရောက်ခဲ့ဘူးတဲ့ ကုန်သွယ်မှုသင်တန်းကျောင်းက သင်ကြားမှုတာဝန်ခံ ဦးသိန်းမြင့်ဝေက ပြောပါတယ်။

ဗဟိုဘဏ်ရယ်၊ စီးပွားကူးသန်းရယ်စသဖြင့် သက်ဆိုင်ရာဌာနတွေ ကြိုးစားနေတာ ပြီးခဲ့တဲ့ ၂ လ ၃ လ ကတည်းကပါ။ ပထမအဆင့်အနေနဲ့က စီးပွားကူးသန်းတို့ ဗဟိုဘဏ်တို့နဲ့ ဆွေးနွေးညှိနှိုင်းတာတွေလုပ်တယ်။ နောက်တော့ လုပ်ငန်းရှင်များပေါ့ ၊ တရုတ်ဘက်ကလုပ်ငန်းရှင်များရော မြန်မာဘက်ကလုပ်ငန်းရှင်များနဲ့ ဆွေးနွေးညှိနှိုင်းတာတွေလုပ်ကြတယ်။ လုပ်ကြတဲ့အခါကျတော့ အဓိကတော့ မူဆယ်နယ်စပ်ကုန်သွယ်ရေးတွေ ၊ တရုတ်နဲ့ဆက်သွယ်တဲ့နေရာကို အဒိက ဆောင်ရွက်ဆက်သွယ်ခဲ့ကြတာပါ။ ဒါပေမယ့်လို့ ဂျပန်ယမ်းလည်း နောက်ပိုင်းပါလာတာကိုတွေ့ရတယ်။

အခုချိန်ထိတော့ တရုတ်ယွမ်ငွေနဲ့ ဂျပန်ယန်းငွေတို့အတွက် ဗဟိုဘဏ်က တရားဝင်ငွေလဲနှုန်း သတ်မှတ်ပေးတာမျိုး မရှိသေးပါဘူး။ ဒါပေမယ့် ကုန်သည်၊ လုပ်ငန်းရှင်တွေနဲ့ ဘဏ်တွေကတော့ Open Market Rate လို့ခေါ်တဲ့ အပြင်ပေါက်ဈေးနဲ့ဘဲ အလဲအလှယ်လုပ်နေကြတယ်လို့ စီးပွားရေးလုပ်ငန်းရှင်တွေကပြောပါတယ်။

မြန်မာနဲ့ အနောက်အုပ်စုနိုင်ငံတွေအကြား ဆက်ဆံရေးအဆင်မပြေဖြစ်လာနေတဲ့အချိန်မှာ အိမ်နီးချင်းတရုတ်နိုင်ငံ အပါအဝင် ဂျပန်နဲ့ တခြားဒေသတွင်းကနိုင်ငံတွေနဲ့ မြန်မာအစိုးရက ဘက်စုံဆက်ဆံမှုတွေတိုးမြှင့် ဆောင်ရွက်လာနေ တာကြောင့် ဗဟိုဘဏ်က အခုလိုငွေပေးချေတဲ့စံနစ်ကို ဖြေလျော့ပေးလိုက်တာဟာ မြန်မာနိုင်ငံက စီးပွားရေး လုပ်ငန်းရှင်တွေအတွက် လတ်တလောမှာ အဆင်ပြေစေမယ့် လုပ်ဆောင်ချက်အဖြစ် ရှုမြင်သုံးသပ်နေကြပါတယ်။

**Source:** https://www.facebook.com/VoA.Burmese.News/posts/10156763666710170?__tn__=K-R

## မြန်မာနဲ့ ကနေဒါမှာ လုပ်ငန်းတွေဝင်ရောက်လုပ်ကိုင်ဖို့ သီရိလင်္ကာရဲ့ LCB ကုမ္ပဏီ စီစဉ်

သီရိလင်္ကာ အခြေစိုက်ဘဏ္ဍာရေးလုပ်ငန်းအဖွဲ့အစည်း တစ်ခုဖြစ်တဲ့ Lanka Credit & Business Finance Ltd (LCB) ကတော့ ယခုအခါ မြန်မာနဲ့ကနေဒါတို့မှာ ယင်းရဲ့နိုင်ငံရပ်ခြားလုပ်ငန်းခွဲနှစ်ခုကို ဖွင့်လှစ်သွားတော့မှာဖြစ်ကြောင်း LCB တည်ထောင်သူ ဒါရိုက်တာ Kapila Indika Weerasinghe က ပြောကြားလိုက်ပါတယ်။

မြန်မာနိုင်ငံမှာ ယင်းရဲ့လုပ်ငန်းလုပ်ဆောင်ဖို့အတွက် ရုံးအဆောက်အအုံတစ်ခု သတ်မှတ်ထားပြီးဖြစ်ကြောင်း Kapila Indika Weerasinghe က ပြောသွားပါတယ်။

မြန်မာနိုင်ငံမှာကတော့ အသေးစားချေးငွေလုပ်ငန်းတွေအပေါ် အဓိကလုပ်သွားမှာဖြစ်ကြောင်းသိရပါတယ်။ ဒါ့အပြင် အဆိုပါလုပ်ငန်းခွဲကို ယခုနှစ် မတ်လမှာ ဖွင့်လှစ်ဖို့ မျှော်လင့်ထားကြောင်း ၎င်းက ထပ်လောင်း ပြောသွားပါတယ်။ အလားတူ ကနေဒါနိုင်ငံမှာလည်း LCB ရုံးခွဲတစ်ခု ဖွင့်လှစ်သွားဖို့ ဆုံးဖြတ်ထားပြီး ဖြစ်ကြောင်း ၎င်းကဖြည့်စွက်ပြောကြား သွားခဲ့ပါသေးတယ်။

**Source:** http://www.dailynews.lk/.../1756.../lcb-enter-canada-and-myanmar

## ဂျပန်-မြန်မာ လယ်ယာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မည်

ဂျပန်-မြန်မာလယ်ယာကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှသိရသည်။ မြန်မာ-ဂျပန် နှစ်နိုင်ငံမှဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့်လုပ်ငန်းရှင်များပူးပေါင်း၍ Business Matching ဆောင်ရွက်ရန်၊ သီးနှံစိုက်ပျိုးရေးကဏ္ဍ၊ သား၊ ငါးကဏ္ဍနှင့် သမဝါယမကဏ္ဍများစသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းကဏ္ဍအလိုက် ပူးပေါင်း၍ဆွေးနွေးခြင်း၊ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS) နှင့် စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ လုပ်ငန်းများ၊ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ အစားအစာဘေးကင်းလုံခြုံရေးနှင့် အရည်အသွေးပြည့်မီရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ ဆွေးနွေးထားကြောင်းသိရသည်။

လယ်ယာဝန်ဆောင်မှုပေးတဲ့ကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံရန် ကိစ္စရပ်တွေနဲ့ ရှေ့ဆက်လက်ဆောင်ရွက်ရမယ့် နည်းလမ်းနဲ့ ပုံစံတွေ ချမှတ်ဆွေးနွေးထားတယ်ဟု ယင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးကပြောသည်။ ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည့် Agri-business and Value Chain Development စီမံကိန်းကို အမြန်ဆုံး အကောင်အထည် ဖော်နိုင်ရေးအတွက် ဂျပန်နိုင်ငံ MAFF နှင့် JICA တို့နှင့်အတူ ဆောင်ရွက်သွားမည်ဖြစ်ပြီး စိုက်ပျိုးရေးမဟာဗျူဟာနှင့် ချိတ်ဆက်ကာ အစားအစာ တန်ဖိုးကွင်းဆက်တစ်လျှောက် လိုအပ်ချက်များကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်စေပြီး နှစ်ဖက်အကျိုး ဖြစ်ထွန်းအောင်မြင် နိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ဆိုသည်။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အရေးပါမှု၊ ရေမြေသဘာဝ အရင်းအမြစ်များ ကြွယ်ဝမှု၊ သမမျှတသော ရာသီဥတုနှင့် လုပ်သားအင်အားပေါများမှုစသည့် အခြေခံကောင်းများရှိနေသည့်အတွက် ရင်းနှီးမြှုပ်နှံမှုအခြေခံ အခွင့် အလမ်းကောင်းများ ရှိနေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဂန်ကြီးဌာနက ဆို သည်။

အဆိုပါ Agri- business and Value Chain Development (စိုက်ပျိုးစီးပွားရေးနှင့် အစားအစာ တန်ဖိုးကွင်း ဆက် တစ်လျှောက်ဖွံ့ဖြိုးမှု) စီမံကိန်း အကောင်အထည်ဖော် ဆာင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စားနပ်ရိက္ခာဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍတွင် အဓိကပါဝင်လုပ်ကိုင်နေကြသည့် တောင်သူလယ်သမား များ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်းသိရ သည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=5799

## နိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပိုမိုလာခြင်းကြောင့် မြန်မာနိုင်ငံသည် ကုန်ထုတ်လုပ်မှုပိုင်းဆိုင်ရာ ထိပ်တန်းဒေသတစ်ခုအဖြစ် ရပ်တည်နိုင်မည့်အလားအလာများတွေ့မြင်လာရဟုဆို



နိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပိုမိုရရှိလာခြင်းကြောင့် မြန်မာနိုင်ငံသည် ကုန်ထုတ်လုပ်မှုပိုင်းဆိုင်ရာ ထိပ်တန်းဒေသတစ်ခုအဖြစ် ရပ်တည်နိုင်မည့် လက္ခဏာများ တွေ့မြင်လာရကြောင်း Oxford Business Group မှ အာရှတိုက်ဆိုင်ရာ အယ်ဒီတာဖြစ်သူ Patrick Cooke က ပြောကြားခဲ့သည်။

Oxford Business Group သည် အာရှ၊ အာဖရိက၊ အရှေ့အလယ်ပိုင်းနှင့် အမေရိကတိုက်များမှ နိုင်ငံပေါင်း ၃၀ ကျော်တွင် နိုင်ငံတကာသုတေသနနှင့် အတိုင်ပင်ခံလုပ်ငန်းတစ်ခုဖြစ်ပြီး ၎င်း၏ သတင်းထုတ်ကုန်များမှတစ်ဆင့် ဘဏ်လုပ်ငန်းများ၊ ငွေကြေးအရင်းအနှီးဈေးကွက်များ၊ ခရီးသွားကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သယ်ယူပို့ဆောင်ရေး၊ စက်မှုလုပ်ငန်းနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာကဏ္ဍအစရှိသည့် Macroeconomics နှင့် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၏ တိကျပြည့်စုံသော လေ့လာဆန်းစစ်မှုများကို ထုတ်ပြန်ပေးနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍအတွင်း နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာစေရန် ပြုပြင်ပြောင်းလဲမှုများ ရည်ရွယ်လုပ်ဆောင်လျက်ရှိပြီး အဆိုပါ ပြုပြင်ပြောင်းလဲမှုများမှတဆင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိလာစေရန်နှင့် macroeconomics ပိုင်းဆိုင်ရာ စိန်ခေါ်မှုများအား လျှော့ချရန် မြန်မာနိုင်ငံ၏ အားထုတ်ကြိုးပမ်းမှုများနှင့် ပတ်သက်ပြီး Oxford Business Group မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ Win Consulting နှင့် Kelvin Chi Law Firm တို့နှင့်ပူးပေါင်းပြီး The Report Myanmar 2019 အစီရင်ခံစာအား ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

"နိုင်ငံတွင်းမှာ ရင်းနှီးမြှုပ်နှံတဲ့ အခွင့်အလမ်းတွေ ပိုမိုပွင့်လန်းလာတဲ့အ တွက်ကြောင့် မြန်မာနိုင်ငံဟာ ကုန်ထုတ်လုပ်မှုပိုင်းဆိုင်ရာ ထိပ်တန်းဒေသတစ်ခုအဖြစ် ရပ်တည်နိုင်မယ့် လက္ခဏာတွေ တွေ့မြင်လာရပါတယ်။ ဘဏ္ဍာရေးကဏ္ဍမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုရရှိလာတဲ့အပြင် ပိုမိုများပြားလာတဲ့ ဟိုက်ဒရိုကာဗွန်စီမံကိန်းတွေကြောင့်လည်း ငွေကြေးအထောက်အပံ့သစ်တွေ၊ ရင်းနှီးမြှုပ်နှံမှုအသစ်တွေ ပိုမိုရရှိလာနိုင်ဖို့ မြန်မာအစိုးရအနေနဲ့ မျှော်လင့်နိုင်လာပါတယ်" ဟု Oxford Business Group မှအာရှတိုက်ဆိုင်ရာ အယ်ဒီတာဖြစ်သူ Patrick Cooke က ပြောကြားခဲ့ကြောင်း သိရသည်။

ယခုအချိန်သည် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် အသင့်တော်ဆုံး အချိန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးသည် အရေးပါသည့် အလှည့်အပြောင်းတစ်ခုမှာ ရောက်ရှိနေခြင်းဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများက မြန်မာနိုင်ငံ၏ တန်ဖိုးများကို ယုံကြည်လာအောင် စည်းလုံးညီညွတ်မှု ရှိသည်ကို ပြသရမည်ဖြစ်ကြောင်း၊ အရေးပါသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များကိုစုစည်းပြီး ယင်းတို့တွင်ရှိသည့် ရင်နှီးမြှုပ်နှံနိုင်သည့် စီမံကိန်းများကို ချပြခြင်းက စည်းလုံးညီညွတ်မှု၏ ပြယုဂ်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က Invest Myanmar Summit 2019 တွင် ပြောကြားခဲ့သည်။

**Source:** https://news-eleven.com/article/77185

## ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ထိုင်းနယ်စပ်သို့ ဆက်သွယ်မည့်နှစ်လမ်းသွားလမ်း မကြာမီ ဖောက်လုပ်မည်ဖြစ်ပြီး အထူးစီးပွားရေးဇုန် ဆက်လက် အကောင်အထည်ဖော်ရေး မြန်မာ၊ ဂျပန်နှင့် ထိုင်း ညှိနှိုင်းအစည်းအဝေး မြန်မာနိုင်ငံ၌ကျင်းပမည်



ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ထိုင်းနယ်စပ်သို့ ဆက်သွယ်မည့် နှစ်လမ်းသွားလမ်းကို မကြာမီ ဖောက်လုပ်တော့မည်ဖြစ်ကြောင်း အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားသည်။

ထားဝယ်အထူးစီးပွားရေးဇုန်က အခုထိုင်းနဲ့ ဆက်ဆွေးနွေးနေပါတယ်။ လမ်းကလည်းဖောက်တော့မယ်။ လမ်းဖောက်ဖို့ Survey လုပ်ပြီးပြီ။ မကြာခင် ထိုင်းနဲ့နှစ်လမ်းသွားလမ်း ဖောက်တော့မယ် ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားသည်။

အလားတူ ထားဝယ်အထူးစီးပွားရေးဇုန် ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာ၊ ဂျပန်နှင့် ထိုင်း နိုင်ငံတို့မှ တာဝန်ရှိသူများ၏ ညှိနှိုင်းအစည်းအဝေးကို မကြာမီတွင် မြန်မာနိုင်ငံဘက်၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

“မူလ Plan ရှိတယ်လေ။ ဂျပန်ကလည်း အဆိုပြုပြီးသွားတော့ ဒါကိုညှိပြီးတော့ Ajustment လုပ်ရမှာ။ ဒါကို ထိုင်းရယ် မြန်မာရယ် ဂျပန်ရယ် ညှိရမှာပေါ့။ ဂျပန်က ဆွဲတာပြီးနေပြီ။ ပြီးရင်ထိုင်းနဲ့ညှိမယ်။ မူလဟာကို ပြင်ဖို့တော့ မဟုတ်ဘူး။ မူလဒီဇိုင်းက ကြာပြီဆိုတော့ လွန်ခဲ့တဲ့ ၁၂ နှစ်၊ ၁၃ နှစ်ကဆိုတော့ မြေပြင်အခြေအနေက ပြောင်းလဲသွားပြီ။ အီတာလျံထိုင်းကလည်း သိပ်မလုပ်နိုင်တာကြောင့် အဲဒီနှစ်ခုအတွက် မြန်မာ၊ ထိုင်း၊ ဂျပန်ညှိပြီး ဆောင်ရွက်မယ်။ မကြာခင်မှာ မြန်မာဘက်မှာ Joint Committee ထိုင်မယ်လေ” ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဆက်လက်ပြောကြားသည်။

ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်း၏ အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုဖြစ်သော ထိုင်းနိုင်ငံနယ်စပ်မှ ထားဝယ်အထူး စီးပွားရေးဇုန်သို့ နှစ်လမ်းသွားကားလမ်း ဖောက်လုပ်ရေးအတွက် ထိုင်းနိုင်ငံအစိုးရက သက်သာသော ချေးငွေဖြင့် တည်ဆောက်ရန် ကမ်းလှမ်းထားခဲ့သဖြင့် အဆိုပါ ချေးငွေရယူတည်ဆောက်နိုင်ရေး ထားဝယ်အထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် လမ်းအူကြောင်း ပြန်လည်စိစစ်တိုင်းတာ ခြင်းအား မြန်မာနိုင်ငံဘက်မှ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံမှ Department of Highways (DOH) တို့က ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းသိရှိရသည်။

အဆိုပါလမ်း တည်ဆောက်မှုသည် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်ရေးအတွက် များစွာ အထောက်အကူပြုမည့် စီမံကိန်းဖြစ်သည့်အပြင် ဒေသခံများအတွက်လည်း များစွာအကျိုးဖြစ်ထွန်းမည့် စီမံကိန်း ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနမှထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထားဝယ်အထူးစီးပွားရေးဇုန်စီ မံခန့်ခွဲမှုကော်မတီကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် မြန်မာအထူး စီးပွားရေးဇုန် ဗဟိုအဖွဲ့က သက်ဆိုင်ရာဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ ပြင်ပပညာရှင်များ စုစုပေါင်း အဖွဲ့ဝင် ၁၂ ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပြီး ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌအဖြစ် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဦးစီးဆောင်ရွက်လျက်ရှိသည်။

ထားဝယ်အထူးစီးပွားရေးဇုန် ပင်မစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ပင်မစီမံကိန်းအတွက် ဆက်လက် ဆောင်ရွက်ရမည့် ရေနက်ဆိပ်ကမ်း၊ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းစသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ဆောင်ရွက်နိုင်ရေးအတွက် JICA က ဦးဆောင်ပြီး စစ်တမ်းကောက်ယူခဲ့ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/77191

## အဆိပ်ချဖမ်းဆီးခြင်းကြောင့် ရေချိုပုစွန်ဖမ်းဆီးရမှု လျော့နည်းလာဟုဆို

ရခိုင်ပြည်နယ် ကျောက်တော်၊ မြောက်ဦးနှင့် မင်းပြားမြို့နယ်ရှိ သဘာဝရေချိုမြစ်ချောင်းများတွင် အဆိပ်ချဖမ်းဆီးခြင်းကြောင့် ရေချိုပုစွန်ဖမ်းဆီးရရှိမှု လျော့နည်းလာကာ ပြည်ပသို့တင်ပို့ရမှုလည်း မရှိသလောက်နည်းပါးလာကြောင်း ရေလုပ်သားအချို့ကပြောသည်။

ရေလုပ်သားအချို့က ပုံမှန်ပိုက်တွေနဲ့မဖမ်းဘဲ အဆိပ်ချဖမ်းဆီးလာတဲ့အတွက် မျိုးပြုန်းလာပြီးတော့ ဖမ်းဆီးရရှိမှုလည်း နည်းပါးလာတာဖြစ်ကြောင်း မြောက်ဦးမြို့နယ် လက်မကျေးရွာမှ ရေလုပ်သားတစ်ဦးကပြောသည်။ ရခိုင်ပြည်နယ်ရှိ ရေချိုမြစ်ချောင်းများမှ ရေချိုပုစွန်များကို ယခင်က အများအပြားဖမ်းဆီးရမိသော်လည်း ယခုနှစ်ပိုင်းတွင် တစ်ရက်လျှင် ပုစွန် သုံးပိဿာတောင် မရရှိကြောင်း အထက်ပါရေလုပ်သားကဆိုသည်။

ရခိုင်ပြည်နယ်မြစ်ချောင်းများက ဖမ်းဆီးရမိသည့်ရေချိုပုစွန်များကို မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့ရသော်လည်း ပြီးခဲ့သည့်ငါးနှစ်ခန့်ကစတင်ကာ ရေချိုပုစွန်တင်ပို့ရမှုမရှိတော့ကြောင်း မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြစ်၊ ချောင်း၊ အင်းအိုင်များတွင် အဆိပ်ချငါး၊ ပုစွန်ဖမ်းဆီးခြင်းမပြုရန် တားမြစ်ခြင်း၊ ပညာပေးခြင်းများ ဆောင်ရွက်နေသော်လည်း မြို့နှင့်အလှမ်းဝေးသည့် ကျေးလက်ဒေသများမှ ရေလုပ်သားများက လိုက်နာမှုအားနည်းကြောင်း မြောက်ဦးခရိုင် ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူဦးတင်ကျော်ကပြောသည်။

**Source:** http://www.7daydaily.com/story/148807

## STOCK EXCHANGE (31.1.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 31st Jan. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +100 | +1.12% | 9,000 | 9,000 | 8,900 | 468 | 4,208,900 | 27,112,747 | 244,015 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,900 | 2,900 | 2,850 | 138 | 393,350 | 38,929,150 | 110,948 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 0 | 0 | 10,400,986 | 74,887 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 214 | 4,708,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 1 | 2,750 | 12,212,906 | 33,585 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 379.29 | +0.56 | +0.15% | 380.72 | 380.72 | 379.29 | 821 | 9,313,000 | 5 | 517,820 |


**Index chart**



# Market Overview

As of 1:00 pm, 31st Jan. 2019

| MYANPIX | 379.29 ▲ 0.56 |
|---|---|
| Total Volume (shares) | 821 |
| Total Value (MMK) | 9 mil |
| Listed Company | 5 |
| Market Cap. (MMK) | 517,820 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 100 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |

TIR